International
Labour
Organization



# မြန်မာနိုင်ငံကလေးလုပ်သား တိုက်ဖျက်ရေး
# အလုပ်သမားအဖွဲ့အစည်းများအတွက် သင်ရိုးညွှန်းတမ်း

## သင်ရိုးရည်ရွယ်ချက်

1. မြန်မာနိုင်ငံရှိကလေးလုပ်သားများနှင့်ပတ်သက်၍ အလုပ်သမားအဖွဲ့အစည်းများကို နိုးကြားအသိမြှင့်တင်ရန်

2. အလုပ်ခွင်နှင့် လူ့အဖွဲ့အစည်းတွင်းရှိ ကလေးလုပ်သားများနှင့်ပတ်သက်၍ လိပ်မူဆောင်ရွက်ရန်အတွက် အလုပ်သမားများ၏ စွမ်းဆောင်ရည်ကို တိုးမြှင့်ရန်

3. မြန်မာနိုင်ငံတွင် ကလေးလုပ်သားပပျောက်ရေးကို အထောက်အကူပေးရာတွင် အလုပ်သမားအဖွဲ့အစည်းများအနေဖြင့် ဦးဆောင်ကဏ္ဍမှ ဆောင်ရွက်မှုကိုအားပေးရန်

## သင်ရိုးဖွဲ့စည်းပုံ



1. ILO ကိုမိတ်ဆက်ခြင်း
2. အခန်း ၁: ကလေးလုပ်သား ဟူသည်ကို အဓိပ္ပာယ် ဖွင့်ဆိုသတ်မှတ်ခြင်းနှင့် နားလည်သဘောပေါက်ခြင်း
3. အခန်း ၂ : ကလေးလုပ်သားဆိုင်ရာ ကမ္ဘာ့အဆင့်၊ နိုင်ငံအဆင့် ခန့်မှန်းတွေ့ရှိချက်များကို နားလည်သဘောပေါက်ခြင်း
4. အခန်း ၃ : ကလေးလုပ်သားများ ဖြစ်စေရသော အကြောင်းရင်းများနှင့် နောက်ဆက်တွဲအကျိုးဆက်များ
5. အခန်း ၄ : ကလေးလုပ်သား ပပျောက်ရေးအတွက် ဆောင်ရွက်ရန်များ
6. ပြန်လည်စုစည်းအကျဉ်းချုပ်ခြင်းနှင့် သင်ရိုးကိုအကဲဖြတ်ခြင်း

## လေ့ကျင့်ခန်း ၁ : မရင်းနှီးအေးစက်မှုကို ဖြိုခွဲခြင်း - တဦးနှင့်တဦး သိရှိရင်းနှီးရန်

1. အတွဲများအဖြစ် လူခွဲပါ။
2. သင့်ကိုယ်သင်မိတ်ဆက်ပါ (ဥပမာ. ကိုယ်ရေးကိုယ်တာနှင့် ကျွမ်းကျင်မှုပညာရပ်များ အသေးစိတ်
3. သင်တို့အကြား ဘုံတူညီမှုရှိသည့် အချက်များကို ရှာဖွေသတ်မှတ်ပါ။
4. အုပ်စုတွင်းမှ ကျန်သည့်သူများကို သင်၏ မိတ်ဖက်အတွဲနှင့် မိတ်ဆက်ပေးရန်အတွက် မှတ်သားထားပြီး ကြိုတင်ပြင်ဆင်ထားပါ။

# ILO ကိုမိတ်ဆက်ခြင်း : ဗျူဟာကျသော ရည်ရွယ်ချက်များ

ဗျူဟာကျသော ရည်ရွယ်ချက်လေးခု:

- အလုပ်သမားစံနှုန်းများနှင့် အခြေခံမူဝါဒများ၊ အလုပ်ခွင်အတွင်းရှိ အခွင့်အရေး စသည်တို့ကို မြှင့်တင်ရန်နှင့် နားလည်သဘောပေါက်ရန်
- အမျိုးသား အမျိုးသမီးများအတွက် သင့်လျော်ကောင်းမွန်သောအလုပ် တည်မြဲရေး အခွင့်အလမ်းများတိုးမြှင့်ရန်
- အားလုံးအတွက် လူမှုရေးရာ အကာအကွယ်ပေးရေး လွှမ်းခြုံနိုင်မှုနှင့် ထိရောက်မှုကို အားကောင်းလာစေရန်
- သုံးဦးသုံးဖလှယ် ညှိနှိုင်းဆောင်ရွက်မှုနှင့် လူမှုရေးရာ အပြန်အလှန် ပြောဆိုဆွေးနွေးမှုများ အားကောင်းလာစေရန်



## အခြေခံမူဝါဒများနှင့် အလုပ်ခွင်အတွင်းရှိ အခွင့်အရေး

- လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် စုပေါင်းအရေးဆိုပိုင်ခွင့်ကို အသိအမှတ်ပြုခြင်း
- အဓမ္မပုံစံနှင့် အတင်းအကြပ်မဖြစ်မနေ ခိုင်းစေမှုပုံစံ အားလုံးပပျောက်ရေး
- ကလေးလုပ်သား တိုက်ဖျက်ရေး
- အလုပ်အကိုင်ခန့်အပ်မှုနှင့် အလုပ်အကိုင်များတွင် မတူခွဲခြားဆက်ဆံမှု ပပျောက်ရေး

## ကလေးလုပ်သားနှင့် ILO

- အပြည်ပြည်ဆိုင်ရာ ကလေးလုပ်သားပပျောက်ရေး စီမံချက်ကို ၁၉၉၂ ခုနှစ်တွင် ထူထောင်သည်။
- လက်ရှိတွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံပေါင်း(၉၀)ကျော်မှ မိတ်ဖက်များဖြင့် လုပ်ကိုင်ဆောင်ရွက်လျက် ရှိသည်။
- အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေမှု တိုက်ဖျက်ရေးကို အထူးတလည် ဆောင်ရွက်နေသလို ကမ္ဘာအနှံ့တွင် ကလေးလုပ်သားပပျောက်ရေးမှာ ကမ္ဘာလုံးဆိုင်ရာပန်းတိုင်ဖြစ်သည်။




## အလုပ်သမားများနှင့် ILO

- ကမ္ဘာ့အဆင့်နှင့် နိုင်ငံအဆင့်တွင် ILO ၏ သုံးဦးသုံးဖလှယ် မိတ်ဖက်ထဲမှ တစ်ခုဖြစ်သည်
- ILO ၏ စံနှုန်းသတ်မှတ်ချက်၊ နည်းပညာပိုင်းဆိုင်ရာစီမံချက်များနှင့် အုပ်ချုပ်ရေးတွင် အလုပ်သမားများ၏ အသံလည်းပါဝင်သည်
- စီးပွားရေးလုပ်ငန်းများနှင့် လူ့အဖွဲ့အစည်းအတွင်းမှ ကလေးလုပ်သားများ၏ ကိစ္စရပ်များ ဖြေရှင်းရာတွင် အလုပ်သမားများ၏ အခန်းကဏ္ဍ



## Q&A

ဤအကြောင်းအရာများအတွက်သင့်ထံတွင် မေးရန်မေးခွန်း/ ဝေဖန်အကြံပြုမှုများ ရှိပါသလား?

- ILO?
- အလုပ်ခွင်အတွင်းရှိ အခြေခံမူဝါဒများနှင့် အခွင့်အရေးများ?
- ILO ကလေးလုပ်သားစီမံချက်?
- ILO နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍ?

International
Labour
Organization

# အခန်း ၁ :
# ကလေးလုပ်သားဟူသည်ကို အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ခြင်းနှင့် နားလည်သဘောပေါက်ခြင်း

## ကလေးလုပ်သားဆိုသည်မှာ အဘယ်နည်း?

- ကလေးများလုပ်ရသည့် အလုပ်အားလုံးကို ကလေးလုပ်သားဟု မသတ်မှတ်နိုင်ပါ
- အသက် (၁၈) နှစ်အောက်သာ ရှိသေးသော်လည်း အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံး အသက်ထက်ကျော်နေသည့် ကလေးများကို တရားဝင်အလုပ်လုပ်ခွင့်ပြုနိုင်သည်။
- အချို့သောအလုပ်များသည် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုဖြစ်စေနိုင်ပြီး အရွယ်ရောက်သူများကဲ့သို့ အရာရောက်သော ဘဝတစ်ခုဖြစ်လာစေရန် ကြိုတင်ပြင်ဆင်မှု ဖြစ်စေနိုင်သည်။
- အနိမ့်ဆုံးအသက်ထက်ငယ်သောကလေးများအနေဖြင့် အလုပ်လုပ်ရန်အတွက် တရားဥပဒေအရ အထူးပြုသတ်မှတ်ထားသည်။
- အလုပ်၏သဘောသဘာဝနှင့် အခြေအနေများကြောင့် အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေမှု (WFCL) ဟုသတ်မှတ်ထားသည့် အလုပ်အားလုံးကို အသက် (၁၈) နှစ်အောက် ကလေးများအတွက် တားမြစ်ထားသည်။
- ကလေးလုပ်သားသည် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာများအတွက် ဘေးအန္တရာယ်ဖြစ်စေသည်။

## အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားကိုခိုင်းစေမှုဟူသည် အဘယ်နည်း?

- ကလေးရောင်းဝယ်ခြင်းနှင့် ကုန်ကူးခြင်း၊ အကြွေးဖြင့်တုပ်နှောင် ခိုင်းစေခြင်း သို့မဟုတ် အဓမ္မလုပ်သားများကဲ့သို့သော ကျေးကျွန်ပြုခိုင်းစေခြင်း သို့မဟုတ် အလားတူကျွန်ကဲ့သို့ ခိုင်းစေခြင်း ပုံစံများအားလုံး
- ကလေးသူငယ်ပြည့်တန်ဆာလုပ်ငန်း သို့မဟုတ် ညစ်ညမ်းသော လိင်ဖျော်ဖြေမှုလုပ်ငန်းများတွင် ကလေးသူငယ်များ အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း
- တရားဥပဒေနှင့် မညီသောလုပ်ငန်းများဖြစ်သည့် ဥပမာအားဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့်/ သို့မဟုတ် ရောင်းချခြင်းများတွင် ကလေးသူငယ်များကို အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း
- ကလေးများ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး သို့မဟုတ် စိတ်ဓာတ်ပိုင်းဆိုင်ရာများကို ဘေးဖြစ်စေမည့် ဟန်ရှိသည့် အလုပ်သဘာဝ သို့မဟုတ် ပတ်ဝန်းကျင်များရှိသည့် အလုပ်



# ဘေးအန္တရာယ်ရှိနေသော ကလေးလုပ်သားဟူသည်အဘယ်နည်း?

- ကလေးသူငယ်များကို သေကျေနိုင်စေသော၊ ထိခိုက်စေသော သို့မဟုတ် နာမကျန်းဖြစ်စေသော၊ အန္တရာယ်ရှိပြီး ကျန်းမာရေးနှင့် မညီညွတ်သော အခြေအနေများတွင် ကလေးများလုပ်ရသော အလုပ်များ
- WFCL တွင် အလုပ်လုပ်နေသောကလေး အမျိုးအစားအများစုပင်ဖြစ်သည်
- စိုက်ပျိုးရေး၊ သတ္တုတွင်း၊ ဆောက်လုပ်ရေး၊ ကုန်ထုတ်လုပ်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အိမ်အကူလုပ်ငန်း၊ များသောအားဖြင့် သမားရိုးကျမဟုတ်သော၊ စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းသိမ်းထားခြင်းမဟုတ်သော၊ စီးပွားရေးလုပ်ငန်းများအတွင်းမှ ဖုံးကွယ်နေသောအလုပ်များဖြစ်သည်





# ILO ၏စံနှုန်းများနှင့် အခြားသော နိုင်ငံတကာပြဋ္ဌာန်းချက်များ

အတည်ပြုလက်မှတ်ရေးထိုးပြီး:

- ILO ၏အလုပ်အကိုင်ခန့်အပ်ရန်အတွက် အနိမ့်ဆုံးအသက်ပြဋ္ဌာန်းချက် ၁၃၈
- အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်းဆိုင်ရာ ILO ၏ ပြဋ္ဌာန်းချက် ၁၈၂၊
- ကလေးသူငယ်များ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်၊
- အိမ်အကူလုပ်သားများအတွက် သင့်လျော်သောအလုပ်ဆိုင်ရာ ILO ၏ပြဋ္ဌာန်းချက်

သုံးသပ်နေဆဲ:

- ILO ၏အလုပ်အကိုင်ခန့်အပ်ရန်အတွက် အနိမ့်ဆုံးအသက်ဆိုင်ရာ အကြံပြုထောက်ခံချက် ၁၄၆၊
- အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်းဆိုင်ရာ ILO ၏ အကြံပြုထောက်ခံချက် ၁၉၀၊

မြှင့်တင်ရန်:

- လုပ်ငန်းခွင်တွင်းရှိ အခြေခံမူဝါဒများနှင့် အခွင့်အရေးများဆိုင်ရာ ILO ၏ ကြေငြာချက်၊

## မြန်မာနိုင်ငံကလေးလုပ်သားပပျောက်ရေး : ဥပဒေနှင့် စည်းမျဉ်းစည်းကမ်း ပြဋ္ဌာန်းချက်များ

- အလုပ်ရုံများဥပဒေ (၂၀၁၆ တွင် ပြင်ဆင်)
- ဆိုင်များနှင့်အလုပ်ဌာနများအက်ဥပဒေ (၂၀၁၆ တွင် ပြင်ဆင်)
- ရေနံမြေအက်ဥပဒေ (အလုပ်သမားနှင့် လူမှုဖူလုံရေး)၊ ၁၉၅၁
- မိခင်နှင့် ကလေးပြုစုစောင့်ရှောက်ရေးအဖွဲ့ ဥပဒေ (နှင့် ပြင်ဆင်ချက်)၊ ၁၉၉၀
- ကလေးသူငယ်ဥပဒေ၊ ၁၉၉၃ (ကလေးသူငယ် ဥပဒေကြမ်းကို ၂၀၁၇ ခုနှစ် တွင် ပြင်ဆင်ခဲ့ပြီး ယခုအချိန်တွင် ပြည်သူလူထု၏ ဝေဖန်အကြံပြုမှုများကို ကောက်ယူလျက်ရှိသည်)
- လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးဥပဒေ၊ ၂၀၀၅

## Q&A

ဤအကြောင်းအရာများအတွက်သင့်ထံတွင် မေးရန်မေးခွန်း/ ဝေဖန်အကြံပြုမှုများ ရှိပါသလား?

- ကလေးလုပ်သား?
- အဆိုးရွားဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေမှုဆိုင်ရာ?
- ဘေးအန္တရာယ်ရှိနေသောကလေးလုပ်သား?
- မြန်မာနိုင်ငံရှိ အမျိုးသားဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ?

## လေ့ကျင့်ခန်း ၂ : အမျိုးသားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၏ အားသာချက်၊ အားနည်း ချက်များကို ခွဲခြား သတ်မှတ်ခြင်း

1. အဖွဲ့ငယ်များခွဲပါ
1. မှတ်စုလိုက်ရေးမည့်သည်နှင့် တင်ဆက်ပြသမည့်သူတစ်ဦးစီရွေးပါ။
1. ပေးထားသည့် မေးခွန်း သို့မဟုတ် အကြောင်းအရာများကို ဆွေးနွေးပါ။
1. သင်တို့၏ ဆွေးနွေးမှုများမှ သုံးသပ်ချက်များကို မျက်နှာစုံညီတင်ပြပါ။

International
Labour
Organization

# အခန်း ၂ :
# ကလေးလုပ်သားဆိုင်ရာ ကမ္ဘာ့အဆင့်၊ နိုင်ငံအဆင့် ခန့်မှန်းတွေ့ရှိချက်များကို နားလည်သဘောပေါက်ခြင်း

## ကမ္ဘာ့စီးပွားရေးလောကအတွင်းမှ ကလေးလုပ်သား : ILO ၏ ခန့်မှန်းတွေ့ရှိမှု အကျဉ်းချုပ်ဖော်ပြချက်

- ကမ္ဘာတဝန်းတွင် ကလေးလုပ်သား ၁၅၂ သန်း - ကမ္ဘာပေါ်ရှိကလေးဦးရေ၏ ၁၀%
- ၇၃ သန်းမှာ ဘေးအန္တရာယ်ရှိသောအလုပ်များ တွင်ရှိသည်။
- ကလေးလုပ်သားများကို အာရှ-ပစိဖိတ်ဒေသတွင် ဒုတိယအများဆုံး တွေ့ရှိရသည်။



## ကဏ္ဍအလိုက်ကလေးလုပ်သားများပျံ့နှံ့မှု

| လုပ်ငန်းကဏ္ဍ | (‘000) | % |
|---|---|---|
| စိုက်ပျိုးရေး | ၁၀၇,၅၄၃ | ၇၀.၉ |
| စက်မှုလုပ်ငန်း | ၁၈,၀၀၇ | ၁၁.၉ |
| ဝန်ဆောင်မှုများ (အိမ်အကူ) | ၂၆,၀၇၂ | ၁၇.၂ |

*ကလေးအလုပ်သမားဆိုင်ရာ သက်ဆိုင်မှုအရှိဆုံး စက်မှုကဏ္ဍခွဲများ တွင် ဆောက်လုပ်ရေး၊ သတ္တုတွင်းနှင့် ကုန်ထုတ်လုပ်ငန်းများပါဝင်သည်။
*ကလေးအလုပ်သမားဆိုင်ရာ သက်ဆိုင်မှုအရှိဆုံး ဝန်ဆောင်မှုကဏ္ဍခွဲများတွင် ဟိုတယ်နှင့် စားသောက်ဆိုင်များ၊ လက်လီလက်ကားရောင်းဝယ်ရေး (ကုန်သွယ်မှု)၊ မော်တော်ကားများ ပြုပြင်ထိန်းသိမ်းရေး၊ သယ်ယူပို့ဆောင်ရေး၊ အခြားစီးပွားရေး၊ လူမှုဝန်ဆောင်မှုလုပ်ငန်းနှင့် အိမ်အကူအလုပ်သမား စသည်တို့တွင် ပါဝင်သည်။



# မြန်မာနိုင်ငံရှိကလေးလုပ်သားစစ်တမ်းကောက်ယူမှုမှ အဓိက တွေ့ရှိချက်များ



- မြန်မာနိုင်ငံတွင် ကလေးလုပ်သားများ ခန့်မှန်းခြေ ၁.၁ သန်းခန့်ရှိသည်
- ယင်းသည် နိုင်ငံတွင်းရှိ ကလေးဦးရေ စုစုပေါင်း၏ ၉.၃% ရှိသည်
- ကလေး (၆၀၀,၀၀၀) ကျော်မှာ ဘေး အန္တရာယ်ရှိသော အခြေအနေများတွင် အလုပ်လုပ်နေကြသည်



## မြန်မာနိုင်ငံတွင် ကလေးလုပ်သားများ ကဏ္ဍ အလိုက် ပျံ့နှံ့မှု

| ကဏ္ဍ | % |
|---|---|
| စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် သစ်တော | ၆၀.၅ |
| ကုန်ထုတ်လုပ်ရေး | ၁၂ |
| ဆောက်လုပ်ရေး | ၄ |
| ကူးသန်းရောင်းဝယ်ရေး | ၁၁.၁ |
| အခြားသောဝန်ဆောင်မှုလုပ်ငန်းများ | ၆.၁ |
| အခြားလုပ်ငန်းများနှင့် အလုပ်အကိုင်များ | ၆.၃ |
| စုစုပေါင်း | ၁၀၀ |

## အဓိကညွှန်းကိန်း (၂၀၁၅ နှင့် ၂၀၁၇ ပထမ ၃လပတ်)

| ဖော်ပြချက် | ၂၀၁၅ လုပ်သားအင်အားစစ်တမ်း | | | ၂၀၁၇ လုပ်သားအင်အားစစ်တမ်း | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| အသက်၁၅-၁၇နှစ်ကလေးဦးရေ | ၁၂,၁၄၆,၄၆၃ | ၆,၀၁၀,၄၅၉ | ၆,၁၃၆,၀၀၄ | ၁,၂၄၁,၀၀၀ | ၆,၁၅၇,၀၀၀ | ၆,၂၅၃,၀၀၀ |
| အလုပ်လုပ်သောကလေး | ၁,၂၇၈,၉၀၉ | ၆၇၆,၂၀၈ | ၆၀၂,၇၀၁ | ၈၀၅,၀၀၀ | ၄၄၈,၀၀၀ | ၃၅၇,၀၀၀ |
| ကလေးအလုပ်သမား | ၁,၁၂၅,၆၆၁ | ၆၀၁,၄၇၁ | ၅၂၄,၁၉၀ | ၆၂၃,၀၀၀ | ၃၅၀,၀၀၀ | ၂၇၃,၀၀၀ |
| ဘေးအန္တရာယ်ရှိသော ကလေး အလုပ်သမား | ၆၁၆,၈၁၅ | ၃၃၇,၃၁၈ | ၂၇၉,၄၉၈ | ၆၀၈,၀၀၀ | ၃၄၃,၀၀၀ | ၂၆၅,၀၀၀ |

## အဓိကညွှန်းကိန်း (၂၀၁၅ နှင့် ၂၀၁၇ ပထမ ၃လပတ်)

| ဖော်ပြချက် | ၂၀၁၅ လုပ်သားအင်အားစစ်တမ်း | | | ၂၀၁၇ လုပ်သားအင်အားစစ်တမ်း ပထမ ၃လပတ် | | |
|---|---|---|---|---|---|---|
| | စုစုပေါင်း | ကျား | မ | စုစုပေါင်း | ကျား | မ |
| အလုပ်လုပ်သောကလေး (%) အချိုးအစား | ၁၀.၅ | ၁၁.၃ | ၉.၈ | ၆.၅ | ၇.၃ | ၅.၇ |
| ကလေးအလုပ်သမား (%) အချိုးအစား | ၉.၃ | ၁၀. | ၈.၅ | ၅. | ၅.၇ | ၄.၄ |
| ဘေးအန္တရာယ်ရှိသော ကလေး အလုပ်သမား (%) အချိုးအစား | ၅.၁ | ၅.၆ | ၄.၆ | ၄.၉ | ၅.၆ | ၄.၂ |

## Q&A

ဤအကြောင်းအရာများအတွက်သင့်ထံတွင် မေးရန်မေးခွန်း/ ဝေဖန်အကြံပြုမှုများ ရှိပါသလား?

- ▶ ILO ကမ္ဘာ့အဆင့် ကလေးလုပ်သားခန့်မှန်းချက်?
- ▶ မြန်မာနိုင်ငံရှိကလေးလုပ်သားဆိုင်ရာ အမျိုးသားအဆင့်အချက်အလက်များ?

## လေ့ကျင့်ခန်း ၃ : မြန်မာနိုင်ငံရှိ ကလေးလုပ်သားများ၏ ထိခိုက်နိုင်ချေရှိသည်များကို မြေပုံဆွဲခြင်း

1. အဖွဲ့ငယ်များခွဲပါ
2. မှတ်စုလိုက်ရေးမည့်သည်နှင့် တင်ဆက်ပြသမည့်သူတစ်ဦးစီရွေးပါ။
3. ပေးထားသည့် မေးခွန်း သို့မဟုတ် အကြောင်းအရာများကို ဆွေးနွေးပါ။
4. သင်တို့၏ ဆွေးနွေးမှုများမှ သုံးသပ်ချက်များကို မျက်နှာစုံညီ တင်ပြပါ။

International
Labour
Organization

# အခန်း ၃ :
# ကလေးလုပ်သားဖြစ်ရခြင်း အကြောင်းရင်းများနှင့် နောက်ဆက်တွဲ အကျိုးဆက်များ

# ကလေးလုပ်သားဖြစ်ရခြင်းအကြောင်းရင်းများကို သိရှိနားလည်ခြင်း

- နည်းပါးသောအိမ်ထောင်စုဝင်ငွေ
- အရည်အသွေးရှိသောပညာရေးကိုလက်လှမ်းမမှီခြင်း
- ခွဲခြားဆက်ဆံခြင်း
- "ဆင်းရဲဒုက္ခ" များကြောင့်ရွှေ့ပြောင်းသွားလာရခြင်း
- ယဥ်ကျေးမှု သို့မဟုတ် မိသားစုထုံးတမ်းစဥ်လာများ
- "ကလေးငယ်များကခိုင်းကောင်းသည်" ဟူသောအယူအဆ
- တရားဥပဒေနှင့် အရေးယူမှု အားနည်းခြင်း (သို့) မရှိခြင်း
- အလုပ်သမားအဖွဲ့အစည်းများမရှိခြင်း
- ကလေးလုပ်သား တောင်းဆိုမှုနှင့် ရရှိနိုင်မှု



# ကလေးလုပ်သားများ၏နောက်ဆက်တွဲအကျိုးဆက်များကို နားလည်ခြင်း



ကလေးလုပ်သားသည်:

- ကလေးသူငယ်၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို ထိခိုက်စေပြီး ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်း-လူမှုရေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း သက်ရောက်စေသည်
- ပညာရေးနှင့်ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို လက်လှမ်းမီစေရန် အတားအဆီးဖြစ်စေပြီး ထို့ကြောင့် ၎င်းတို့၏စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ လုပ်ဆောင်နိုင်မှု၊ ဘဝနောက်ပိုင်းတွင် တိုးတက်မြင့်မားမှုများကို အကန့်အသတ်ဖြစ်စေသည်
- မျိုးဆက်များတလျှောက် ဆင်းရဲနွမ်းပါးမှုကို ဆက်လက်ဖြစ်ပေါ်စေပြီး အလုပ်လုပ်ခွင့်ရှိသော အနိမ့်ဆုံးအသက်သို့ ရောက်ရှိချိန်တွင်လည်း သင့်လျော်ကောင်းမွန်သော အလုပ်ရရှိနိုင်ရန် အဟန့်အတားဖြစ်စေသည်
- အထူးသဖြင့် အားလုံးအတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ပညာရေးတွင် ရေရှည်တည်တံ့ခိုင်မြဲသည့်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ကို ရရှိနိုင်ရန်အတွက် အကြီးမားဆုံးသော အဟန့်အတားဖြစ်သည်

## Q&A

ဤအကြောင်းအရာများအတွက်သင့်ထံတွင် မေးရန်မေးခွန်း/ ဝေဖန်အကြံပြုမှုများ ရှိပါသလား?

- ကလေးလုပ်သားဖြစ်ရသည့် အကြောင်းရင်းများ?
- ကလေးလုပ်သားဖြစ်ရခြင်း နောက်ဆက်တွဲအကျိုးဆက်များ?

## လေ့ကျင့်ခန်း ၄ : ကလေးလုပ်သား ဖြစ်စေသောအကြောင်းရင်းများနှင့် နောက်ဆက်တွဲ အကျိုးဆက်များကို နက်နဲစွာ နားလည်သဘောပေါက်ခြင်း

1. အဖွဲ့ငယ်များခွဲပါ
2. မှတ်စုလိုက်ရေးမည့်သည်နှင့် တင်ဆက်ပြသမည့်သူတစ်ဦးစီရွေးပါ။
3. ပေးထားသည့် မေးခွန်း သို့မဟုတ် အကြောင်းအရာများကို ဆွေးနွေးပါ။
4. သင်တို့၏ ဆွေးနွေးမှုများမှ သုံးသပ်ချက်များကို မျက်နှာစုံညီ တင်ပြပါ။

International
Labour
Organization

# အခန်း ၄ :
# ကလေးလုပ်သားပပျောက်ရေးအတွက် အလုပ်သမားများ ဆောင်ရွက်ရန်များ

## လုပ်ငန်းခွင်နှင့် ရပ်ရွာလူထုတွင်း အလုပ်သမားများ၏ လုပ်ဆောင်ချက်များ



- ကလေးလုပ်သား ပပျောက်ရေးအတွက် လူမှုရေးရာ အပြန်အလှန်ပြောဆိုဆွေးနွေးမှုများနှင့် စုပေါင်းအရေးဆိုခြင်းများ
- လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေး ကော်မတီများ
- အလုပ်ရှင်များ စောင့်ကြည့်လေ့လာရေးနှင့် ဘေးအန္တရာယ်ရှိသောအလုပ်များကိုခွဲခြားသတ်မှတ်ရေး
- အလုပ်သမားနှင့် ရပ်ရွာလူထု အသိပညာမြှင့်တင်ရေး လှုံ့ဆော်ပွဲများ
- အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာလူထု အုပ်စုများနှင့် မိတ်ဖက်ဆောင်ရွက်ခြင်း

## မူဝါဒရေးရာဆွေးနွေးမှုတွင် အလုပ်သမားများ၏ လုပ်ဆောင်ချက်



- ILO ပြဋ္ဌာန်းချက်များကို အတည်ပြု လက်မှတ်ရေးထိုးရေး မြှင့်တင်ဆောင်ရွက်ရန် လှုံ့ဆော်ခြင်း
- ဥပဒေရေးရာနှင့် စည်းမျဉ်းစည်းကမ်းများ ပြုပြင်ပြောင်းလဲရေး
- အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊အဖွဲ့အစည်းများထူထောင်ခြင်းနှင့် တရားဥပဒေ ထိရောက် အာဏာတည်စေရေး
- ကလေးသူငယ်များအတွက် ဘေးအန္တရာယ်ရှိသော အလုပ်များ အမျိုးသားအဆင့်စာရင်းကို ဖန်တီးပြုစုရာတွင် အထောက်အကူပေးရေး

## Q&A

ဤအကြောင်းအရာများအတွက်သင့်ထံတွင် မေးရန်မေးခွန်း/ ဝေဖန်အကြံပြုမှုများ ရှိပါသလား?

- လူမှုရေးရာအပြန်အလှန်ဆွေးနွေးမှုများမှ တဆင့် အလုပ်သမားများ၏ ချိတ်ဆက်ပါဝင်မှု?
- ရပ်ရွာလူထုအတွင်း လုပ်ဆောင်ချက်?
- အမျိုးသားအဆင့် မူဝါဒရေးရာဆွေးနွေးမှုများတွင် လွှမ်းမိုးနိုင်မှု?

## လေ့ကျင့်ခန်း ၅ : ကလေးလုပ်သား ကိစ္စရပ်များအတွက် အလုပ်သမားများ၏ ဆောင်ရွက်မှုကို ပိုမိုအားကောင်းစေခြင်း

1. အဖွဲ့ငယ်များခွဲပါ
2. မှတ်စုလိုက်ရေးမည့်သည်နှင့် တင်ဆက်ပြသမည့်သူတစ်ဦးစီရွေးပါ။
3. ပေးထားသည့် မေးခွန်း သို့မဟုတ် အကြောင်းအရာများကို ဆွေးနွေးပါ။
4. သင်တို့၏ ဆွေးနွေးမှုများမှ သုံးသပ်ချက်များကို မျက်နှာစုံညီ တင်ပြပါ။

## လေ့ကျင့်ခန်း ၆ : နောက်ဆက်တွဲလိုက်လံဖြည့်စွက် ဆောင်ရွက်ခြင်း

1. အဖွဲ့ငယ်များခွဲပါ
2. မှတ်စုလိုက်ရေးမည့်သည်နှင့် တင်ဆက်ပြသမည့်သူတစ်ဦးစီရွေးပါ။
3. ပေးထားသည့် မေးခွန်း သို့မဟုတ် အကြောင်းအရာများကို ဆွေးနွေးပါ။
4. သင်တို့၏ ဆွေးနွေးမှုများမှ သုံးသပ်ချက်များကို မျက်နှာစုံညီ တင်ပြပါ။

# သင်ရိုးနိဂုံးချုပ်သုံးသပ်ခြင်းနှင့် အကဲဖြတ်ခြင်း

International
Labour
Organization

## သင်ရိုးနိဂုံးချုပ် သုံးသပ်ခြင်း

- ▶ နောက်ဆုံး အကြံပြုချက်များ
- ▶ စားပွဲဝိုင်းတစ်ခုစီမှ နောက်ဆုံးအကြံပြုချက်များ ရယူခြင်း
- ▶ နောက်ဆက်တွဲ လိုက်လံဖြည့်စွက်ဆောင်ရွက်ရန်များနှင့် နောက်ထပ်အဆင့်များ

## သင်ရိုးကို အကဲဖြတ်ခြင်း

ကျေးဇူးပြု၍ သင်ရိုးအကဲဖြတ်သည့် ပုံစံများကို ဖြည့်ပေးကြပါရန်။